# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 21, 2019 Volume 19, Number 14


**၂၁.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၅၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄ ကျပ် |
| CBM Rate | = ၁၅၄၁.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၃.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဟွာဝေးကုမ္ပဏီနှင့် ဆက်နွှယ်ပတ်သက်သည့်လုပ်ငန်းများကို Google ကုမ္ပဏီက စတင်ဖြတ်တောက်

နိုင်ငံတော်လုံခြုံရေး ခြိမ်းခြောက်မှုတစ်ရပ်ဟု ဝါရှင်တန်က မှတ်ယူထားသော တရုတ်ဆက်သွယ်ရေးကုမ္ပဏီ ဟွာဝေးနှင့် ဆက်နွှယ်ပတ်သက်မှုများကို ဖြတ်တောက်ရန် စတင်စီစဉ်နေပြီဟု အမေရိကန်အင်တာနက် ကုမ္ပဏီ Google က ပြောသည်။ ဟွာဝေးကုမ္ပဏီအနေဖြင့် Gmail နှင့် Google Maps အက်ပလီကေးရှင်းများ အပါအဝင် Google ၏ အခြားသော ဝန်ဆောင်မှုများကို ရယူနိုင်တော့မည်မဟုတ်သည့်အတွက် ယခုလုပ်ဆောင်ချက်မှာ ဟွာဝေး စမတ်ဖုန်း သုံးစွဲသူများအတွက် ဂယက်ရိုက်ခတ်မှုများနှင့် ရုတ်ခြည်း ကြုံတွေ့လာနိုင်သည်။ ဘေဂျင်းနှင့် ကုန်သွယ်ရေးစစ်ပွဲကာလအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်တွင်းကုမ္ပဏီများကို နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ရေးဆိုင်ရာ ကုန်သွယ်မှုများမပြုလုပ်ရန်တားမြစ်ထားသည်။

ယင်းသို့လုပ်ဆောင်ချက်မှာ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စမတ်ဖုန်း ထုတ်လုပ်သည့်ကုမ္ပဏီ ဟွာဝေးကို ပစ်မှတ်ထားခြင်းဖြစ်သည်။ အမေရိကန် ကုမ္ပဏီများအနေဖြင့် အာဏာပိုင်များ၏ ခွင့်ပြုချက်ရမှသာ ကုန်သွယ်မှု ပြုနိုင်သော စာရင်းတွင် ဟွာဝေးကုမ္ပဏီကို အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနကထည့်သွင်း ထားသည်။ ယင်းသို့ ပိတ်ပင်ချက်တွင် နည်းပညာမျှဝေခြင်းလည်း ပါဝင်သည်။ သွယ်ဝိုက်ပတ်သက်နေတာတွေအားလုံးကို ပြန်သုံးသပ်နေပြီးတော့ အမိန့် ညွှန်ကြားချက်နဲ့အညီ လိုက်နာဆောင်ရွက်နေပါတယ်ဟု Google ကုမ္ပဏီ ပြောဆိုခွင့်ရှိသူက AFP သတင်းဌာနကိုပြောသည်။ "ကျွန်တော်တို့ ဝန်ဆောင်မှုတွေကို သုံးစွဲနေသူတွေအတွက်တော့ Google Play နဲ့ Google Play Protect တွေကတော့ လက်ရှိ ဟွာဝေးဖုန်းတွေမှာ ဆက်ပြီး လုပ်ဆောင်နေဦးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။ နည်းပညာကုမ္ပဏီများအားလုံးကဲ့သို့ Google ကုမ္ပဏီမှာလည်း စမတ်ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီများနှင့် တိုက်ရိုက် ပူးပေါင်းဆောင်ရွက်နေသည်။

ယခုကဲ့သို့ ပိတ်ပင်မှုကြောင့် Google ကုမ္ပဏီအနေဖြင့် ဟွာဝေးကုမ္ပဏီနှင့်အတူလုပ်ဆောင်နေသော လုပ်ငန်းများကို ရပ်တန့်ရတော့မည်ဖြစ်သည်။ ယင်းတို့အထဲတွင် အများသူငှာမရရှိနိုင်သော ဟတ်ဝဲလ်ပစ္စည်းကိရိယာ၊ ဆော့ဖ်ဝဲလ်နှင့် နည်းပညာဝန်ဆောင်မှုများ တိုက်ရိုက်လွှဲပြောင်းမှုပါဝင်သည်။ တနည်းအားဖြင့် ဟွာဝေးကုမ္ပဏီသည် Google မှ အခမဲ့ဖြန့်ဝေထားသည့် အန်းဒရိုက်ဗားရှင်းများကိုသာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ကနဦးအစတွင် Gmail နှင့် Maps ကဲ့သို့ အက်ပလီကေးရှင်းများမှာ ဟွာဝေးစမတ်ဖုန်းများတွင် ဆက်လက်လုပ်ဆောင်နေဦးမည်ဟု အခြားသော သတင်းအရင်းအမြစ်တစ်ခုက AFP ကိုပြောသည်။ သို့သော် နည်းပညာမျှဝေမှုပိတ်ပင်ချက် အသက်ဝင်လာပါက ဟွာဝေး ကုမ္ပဏီအနေဖြင့် ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်မှုများပြုလုပ်ရာတွင် ကိုယ်တိုင်လုပ်ဆောင်နိုင်ရန်လိုအပ်လာပြီး စမတ်ဖုန်း အသုံးပြုသူများထံသို့လည်း ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်မှုများကို ကိုယ်တိုင်ဖြန့်ချိပေးရတော့မည်ဖြစ်သည်။

အနာဂတ်တွင် Google ကုမ္ပဏီကပိုင်ဆိုင်သည့် အက်ပလီကေးရှင်းများနှင့်ဝန်ဆောင်မှုများကို ဟွာဝေးကုမ္ပဏီက ရရှိနိုင်တော့မည်မဟုတ်ဟု ယင်းကိစ္စနှင့်ပတ်သက်၍ အမည်မဖော်လိုသူတစ်ဦးက ဘလွန်းဘတ်သတင်းဌာနကို ပြောသည်။ ယင်းပြောဆိုချက်နှင့်ပတ်သက်ပြီး ဟွာဝေးကုမ္ပဏီက တစုံတရာတုံ့ပြန်ပြောဆိုခြင်းမရှိသေးပေ။ ဟွာဝေး ကုမ္ပဏီအနေဖြင့် 5G နည်းပညာကို အလျင်အမြန်ချဲ့ထွင်နိုင်အောင် ဦးဆောင်လုပ်ကိုင်နေပြီး ၎င်း၏ စမတ်ဖုန်း

ရောင်းအားမှာ ယခုနှစ် ပထမ သုံးလပတ်တွင် Apple ကုမ္ပဏီထုတ် iPhone ရောင်းအားထက် သာလွန်ကောင်းမွန်ခဲ့သည်။ သို့သော် ဟွာဝေးကုမ္ပဏီမှာ နိုင်ငံခြားတိုင်းပြည်များမှ ထောက်ပံ့မှုများကို ဆက်လက်မှီခိုနေရဆဲဖြစ်သည်။ အဆိုပါ တရုတ်ကုမ္ပဏီသည် တစ်နှစ်လျှင် ပစ္စည်းအစိတ်အပိုင်း အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံဖိုး ဝယ်ယူနေရပြီး အမေရိကန် ကုမ္ပဏီများထံမှာ ဒေါ်လာ ၁၁ ဘီလီယံဖိုး ဝယ်ယူနေရသည်ဟု The Nikkei သတင်းက ဖော်ပြသည်။

ဟွာဝေးကုမ္ပဏီသည် ဝါရှင်တန်၏ ပြင်းထန်သော တိုက်ပွဲအတွင်းက အဓိကပစ်မှတ်ဖြစ်နေပြီး 5G မိုဘိုင်းကွန်ရက်တည်ဆောက်ရာတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိစေရန် ဝါရှင်တန်က ၎င်း၏မဟာမိတ်နိုင်ငံများကို ဆွဲဆောင်တိုက်တွန်းနေသည်။ အမေရိကန်အစိုးရအေဂျင်စီများကိုလည်း ဟွာဝေးကုမ္ပဏီထုတ်ပစ္စည်းများကို ဝယ်ယူခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသည်။ အမေရိကန်လုပ်ဆောင်ချက်များမှာ ဂယက်ရိုက်မှုအနည်းငယ်သာရှိနိုင်ပြီး ဥပဒေကို ချိုးဖောက်သည့် မည်သည့်ဆောင်ရွက်မှုမျိုးကိုမှ လုပ်ဆောင်ထားခြင်းမရှိကြောင်း ဟွာဝေးကုမ္ပဏီတည်ထောင်သူနှင့် စီအီးအိုရန်ကျန်ဖေးကပြောသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=20320

## အာဖရိကနိုင်ငံများ၏ ဝယ်လိုအားလျော့နည်းမှုကြောင့် အိန္ဒိယဆန်စျေးနှုန်းမှာ (၇) လတာ ကာလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ဗီယက်နမ်နှင့်ထိုင်းဆန်စျေးနှုန်းများမှာလည်း လိုက်ပါကျဆင်းလျက်ရှိ

အိန္ဒိယဆန်ကို အများဆုံးဝယ်ယူနေသော အနောက်အာဖရိကနိုင်ငံများထံသို့ တရုတ်နိုင်ငံက လက်ကျန် သိုလှောင်ဆန်ဟောင်းများကိုလျှော့စျေးဖြင့်ရောင်းချနေသည့်အတွက် အဆိုပါနိုင်ငံများ၏ အိန္ဒိယဆန်ဝယ်ယူမှုလျော့နည်းလာခြင်းနှင့် အိန္ဒိယရူပီးငွေတန်ဖိုးဆက်တိုက်ကျဆင်းနေခြင်း အစရှိသည့်ဂယက်များကြောင့် ယခုရက်သတ္တပတ်အတွင်း အိန္ဒိယ (၅) မှတ်ပေါင်းဆန် တစ်တန်၏ စျေးနှုန်းမှာအမေရိကန်ဒေါ်လာ (၉) ဒေါ်လာခန့်ကျဆင်းခဲ့ပြီး တစ်တန်လျှင် အနိမ့်ဆုံးအမေရိကန် ဒေါ်လာ (၃၆၂) ဒေါ်လာနှင့် အမြင့်ဆုံးစျေးအမေရိကန်ဒေါ်လာ (၃၆၅) ဒေါ်လာအကြားသို့ ရောက်ရှိခဲ့ကြောင်း၊ အိန္ဒိယဆန်စျေးနှုန်းသည် ရက်သတ္တပတ် (၆) ပတ် ဆက်တိုက်ကျဆင်းခဲ့ပြီး ယခုအခါ (၇) လတာ ကာလအတွင်း အနိမ့်ဆုံးသို့ရောက်ရှိနေကြောင်းသိရှိရပါသည်။ အိန္ဒိယဆန်စျေးနှုန်း ကျဆင်းနေချိန်တွင် ဗီယက်နမ်နိုင်ငံ၌လည်း နွေစပါးရိတ်သိမ်းချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ပြည်တွင်းဆန်ပိုလျှံမှုများနှင့်အတူ ယခုရက်သတ္တပတ်အတွင်း ဗီယက်နမ် (၅) မှတ်ဆန်ဖြူတစ်တန်၏စျေးနှုန်းမှာ အမေရိကန်ဒေါ်လာ(၁၀) ဒေါ်လာခန့်ကျဆင်းခဲ့ပြီးတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၅၅) သို့ရောက်ရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်ဆန်များကို အများအပြားဝယ်ယူရန် စီစဉ်နေသော်လည်း ဗီယက်နမ်ဆန်လုပ်ငန်းရှင်များကမူ တရုတ်နိုင်ငံသို့ဆန်တင်ပို့ရာ၌ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော အတားအဆီးများရှိနေသောကြောင့် အများအပြားမတင်ပို့နိုင်သေးဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယဆန်နှင့် ဗီယက်နမ်ဆန်စျေးနှုန်းများ ကျဆင်းနေချိန်တွင် ထိုင်း (၅) မှတ် ဆန်ဖြူ တစ်တန်၏ စျေးနှုန်းမှာမူ အပြောင်းအလဲမရှိဘဲ ယခင်ရက်သတ္တပတ်အတွင်းဖြစ်ပေါ်ခဲ့သည့် စျေးနှုန်းအတိုင်း တစ်တန် လျှင် အနိမ့်ဆုံးစျေးအမေရိကန်ဒေါ်လာ (၃၈၅) နှင့်အမြင့်ဆုံးစျေးအမေရိကန်ဒေါ်လာ(၄၀၀) အကြား၌ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုင်းဆန်စျေးနှုန်းသည် လက်ရှိအချိန်၌ အိန္ဒိယဆန်နှင့် ဗီယက်နမ်ဆန်တို့ထက် စျေးနှုန်းပိုမိုများပြား နေသောကြောင့် ကမ္ဘာ့ဆန်စျေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ ထိုင်းဆန်ရောင်းအားကျဆင်းသွားမည့်အရေးကို ထိုင်းဆန်ကုန်သည်များက စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း၌ ပြည်ပသို့ ဆန်တန်ချိန် (၁၁) သန်းခန့်တင်ပို့နိုင်ခဲ့သော်လည်းယခု ၂၀၁၉ ခုနှစ်၌မူဘတ်ငွေတန်ဖိုးအလွန်အမင်းအားကောင်းနေသည့်အတွက် ဘတ်ငွေနှင့်ချိတ်ဆက်အရောင်းအဝယ်ပြုသည့် ထိုင်းဆန်စျေးနှုန်းမြင့်မားနေမှုကြောင့် ပြည်ပသို့ဆန်တန်ချိန် (၉.၅) သန်းခန့်သာ တင်ပို့နိုင်ဖွယ်ရှိကြောင်း www.reuters.com အင်တာနက် website တွင် ဖော်ပြပါရှိပါသည်။

**Source:** https://www.facebook.com/a9biz/

## တရုတ်က မြန်မာ့ပြောင်းများ မကြာမီပြန်လည်ဝယ်ယူမည်

တရုတ်နိုင်ငံက မြန်မာ့ပြောင်းကို မကြာမီ ပြန်လည်ဝယ်ယူရန်ရှိကြောင်း မြန်မာနိုင်ငံ ပြောင်း စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။




တရုတ်က မူဆယ်နယ်စပ်ကနေ ပြောင်းဝယ်ယူမှုရပ်နားထားတာ ၆လ၊ ၇ လလောက်ရှိနေပြီ။ အခုပြောင်းကို ထိုင်းဘက်တင်ပို့တာ အခြေအနေ ကောင်းတယ်။ ဒါပေမေယ့် ထိုင်းကုန်သည်တွေဆီကနေ ကြားရတဲ့ သတင်းတွေအရတော့ တရုတ်က ထိုင်းကနေမြန်မာ့ ပြောင်းကို တစ်ဆင့်ခံဝယ်ယူနေတယ်လို့ကြားထားတယ်။ လက်ရှိ မူဆယ် ဘက်မှာလည်း မြန်မာကုန်သည်တွေနဲ့ ကုန်တင်ယာဉ်တွေ ဝင်ထွက်ခွင့် ရအောင် ဖြတ်သန်းခွင့်လက်မှတ်တွေ စတင်ထုတ်ပေး နေတော့ မကြာခင်မှာ မြန်မာ့ပြောင်းကို ပြန်လည်ဝယ်ယူမယ့် အခြေအနေတွေ ရှိပါတယ်ဟု ၄င်းကပြောသည်။

ပြောင်းဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများဆုံးရှုံးနစ်နာမှုမရှိစေရန် အစီအမံများချမှတ်ထားရန် လိုအပ်ခြင်း ကြောင့် တရုတ်အစိုးရထံမှ ကိုတာစနစ်ဖြင့် ပြောင်းတန်ချိန် တစ်သိန်းအထိပေးရန် ညှိနှိုင်းခြင်း၊ ဈေးကွက် ရှာဖွေနိုင်ရန် ရောင်းချရေးအဖွဲ့ ဖွဲ့စည်းကာ ပြည်ပသို့စေလွှတ်ခြင်း၊ ပြောင်းသုံးစွဲမှုများသော ဂျပန်၊ တောင် ကိုရီးယား နှင့်ဗီယက်နမ် ဈေးကွက်သို့ အရည်အသွေး သတ်မှတ်ချက်အတိုင်းတင်ပို့ နိုင်ရန် ကြိုးပမ်းခြင်းတို့ကို လုပ်ဆောင်သင့်ကြောင်း ကုန်သည် များကဆိုသည်။ ပြောင်းစိုက်ပျိုးမှု များသော ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက် ပိုင်း၊ ကယား၊ ကရင်၊ မွန်ပြည်နယ်မှ ထွက်ရှိလာသည့် ပြောင်းများကို ဝယ်ယူနေသည့် ထိုင်း နိုင်ငံနှင့် ဈေးကွက်ဝေစုရရှိရေးအတွက် ကြိုတင် ဆွေးနွေးရန် လိုအပ်ကြောင်း ကုန်သည်များကပြောသည်။ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက ပေါင်း ၁ ဒသမ ၉သန်း ခန့် ရှိနေပြီး ရှမ်း ပြည်နယ် တွင် ၄၉ ဒသမ ၁ ရာခိုင် နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၈ ဒသမ ၄ရာခိုင် နှုန်း၊ မကွေးတိုင်း ဒေသကြီးတွင် ၈ ဒသမ ၄ ရာခိုင် နှုန်း၊ ချင်းပြည်နယ်တွင် ၅ ဒသမ၁ ၊ ကရင် ပြည်နယ်တွင် ၄ဒသမ ၅ ရာခိုင်နှုန်း၊ ကချင် ပြည်နယ်တွင် ၄ ဒသမ ၄ နှင့် အခြားတိုင်းဒေသကြီးတို့တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းစိုက်ပျိုးသည်။

ထိုထဲမှ ထွက်ရှိလာသော ပြောင်း ပမာဏ၏ ၄၀ ခန့်ကို တိရစ္ဆာန် အစား အစာတွင် အသုံးပြုခြင်း၊ ၄ ရာခိုင်နှုန်းကို စက်မှုထုတ်ကုန် လုပ်ငန်းများတွင် အသုံးပြုခြင်းနှင့် ၅၃ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက် ရှိသည်။ ထို့ပြင် ၅၃ရာခိုင်နှုန်း ထဲမှ ၉၀ ရာခိုင်နှုန်းခန့် ရှိသော ပြောင်းကို တရုတ် သို့ တင်ပို့ နေသလို စင်္ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ပါကစ္စတန်သို့ အနည်းငယ်စီ တင်ပို့ လျက်ရှိသည်။ ပြောင်း ဈေးကွက်သစ်နိုင်ငံတွေ ထပ်မံရှာဖွေရရှိဖို့ အရေးကြီးလာပါပြီ။ ကမ္ဘာ့ ပြောင်း အများဆုံး တင်သွင်းတဲ့ နိုင်ငံတွေ ဖြစ်တဲ့ ၊ မြန်မာ နဲ့လည်း နီးစပ် တဲ့တောင် ကိုရီးယား၊ ဂျပန်နဲ့ ဗီယက်နမ် တို့လို နိုင်ငံတွေကို အစိုးရနဲ့ပုဂ္ဂလိကပါဝင်မယ့် ဈေးကွက်ရှာဖွေရေးအဖွဲ့တွေ စေလွှတ်ပြီးတော့ ဈေးကွက်ရှာဖွေ သင့်တယ်။ တစ်ဖက်မှာလည်း ပြည်တွင်းပြောင်း စိုက်တောင်သူတွေကို စိုက်ပျိုးရေး ကွင်းဆက်တစ်လျောက် ပံ့ပိုးပေး တာနဲ့ အရည်အသွေးအတိုင်း လိုက်ပါဆောင်ရွက်တဲ့အထိ ပြင်ဆင်ဆောင်ရွက်ထားဖို့လိုအပ်တယ်ဟု မန္တလေး-မူဆယ် ပြောင်းကုန်သည်တစ်ဦးဖြစ်သူ ဦးမြတ်လင်းကပြောသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ရေချိုငါးခြောက်များ ပြည်ပဈေးကွက်ကို ဦးတည်သိုလှောင်မှုကြောင့် ဈေးမြင့်တက်

ငါးခြောက်ပွဲရုံပိုင်ရှင်အချို့သည် ပြည်တွင်းဈေးကွက်ထက် ပြည်ပဈေးကွက်သို့ ဦးတည်သိုလှောင်မှုများရှိနေသော ကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးများကြီးမြင့်နေခြင်းဖြစ်ကြောင်း ငါးခြောက်ရောင်းချသူများထံမှသိရသည်။ ယင်းကဲ့သို့ ပြည်ပကို ဦးတည်သိုလှောင်မှုကြောင့် ပြည်တွင်းဈေးကွက်ထဲတွင် အနည်းငယ်သာထုတ်ရောင်းနေကြသဖြင့် ငါးခြောက်ဝယ်ယူရာတွင် လိုသလောက်မရတော့ဘဲ ဈေးနှုန်းလည်း ကြီးမြင့်နေခြင်းဖြစ်သည်။ မနှစ်ကပွင့်လင်း ရာသီတုန်းကလည်း အခုလိုဖြစ်သေးတယ်။ ဒီနှစ်မှာလည်း အခြားနိုင်ငံတွေက မှာယူတာတွေရှိလာတယ်။ ပြည်ပကို ရောင်းချမယ့်ကုန်သည်တွေက ငါးခြောက်ကောင်းရင်ကောင်းသလောက် ဈေးပေးဝယ်တယ်ဆိုတော့ ပွဲရုံတွေကပြည် တွင်းမှာ ရောင်းတယ်ဆိုရုံလေးဘဲ ပြည်ပကိုဘဲ ဦးတည်လာတော့ ငါးခြောက်ကဈေးတက်လာတယ်ဟု သီရိမင်္ဂလာ ဈေးသစ်မှ ရေချိုကုန်ရောင်းချသူ ဦးမင်းမင်းကပြောသည်။

ရေချိုငါးခြောက်များမှာ ဧရာဝတီတိုင်းမှ အများဆုံးထွက်ရှိကာ အချို့ပွဲရုံပိုင်ရှင်များမှာ ငါးလုပ်သည့် ဒေသခံများထံသို့ ဆင်းဝယ်ယူကြပြီး ကောင်းမွန်သည့် ငါးခြောက်များကို အအေးခန်းတွင်သိုလှောင်၍ ကျန်သည့်ငါးခြောက်များကိုသာ ထုတ်ရောင်းနေကြခြင်းဖြစ်ကြောင်းသိရသည်။ ငါးခြောက်များကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ယခင်နှစ်များက

မလေးရှားနိုင်ငံတစ်ခုတည်းသို့ တင်ပို့ရောင်းချနေရပြီး ယမန်နှစ်ကစ၍ တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကပါ ဈေးကောင်းပေးဝယ်ယူလာကြခြင်းဖြစ်ကြောင်းသိရသည်။ ယင်းနိုင်ငံများအနေဖြင့် ရေချိုငါးခြောက်များကိုသာ အဓိက ဝယ်ယူကြသဖြင့် လက်ရှိပြည်တွင်း ဈေးကွက်အတွင်း ရေချိုငါးခြောက်များ ဈေးမြင့်တက်ကာ ဝယ်ယူရသည်မှာလည်း ရှားပါးလာပြီဖြစ်ကြောင်း ရေချိုကုန်ရောင်းချသူများထံမှသိရသည်။

မလေးရှားနိုင်ငံသည် တီးလားဗီးယားနှင့် ပြည်ကြီးငါးခြောက်များကို ပုံမှန်မှာယူလေ့ရှိပြီး ယခုအခါ ငါးရံ့ခြောက်ကိုပါ ဝယ်ယူလာကြကြောင်းသိရသည်။ ထို့ပြင်ငါးသယံဇာတပြန်းတီးမှုကာကွယ်ရန်အတွက် ငါးမဖမ်းရရာသီ ကာလ သတ်မှတ်၍ ဖမ်းဆီးမှုပိတ်ပင်ထားခြင်းကြောင့် ငါးကုန်ကြမ်းရှားပါးလာကာ ငါးပိ၊ ငါးခြောက်လုပ်ငန်းရှင်များနှင့် လုပ်သားများ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း ငါးပိငါးခြောက်ထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်ကပြောသည်။ ငါးမဖမ်းရရာသီတွင် ဖမ်းဆီးခွင့်ပိတ်ပင်ထားသဖြင့် ငါးကုန်ကြမ်းများရှားပါးလာကာ ဈေးကွက်ထဲတွင် ဈေးနှုန်းကြီးမြင့်မှုကြောင့် အရောင်းအဝယ်များအေးနေပြီး ပွဲရုံတွင်လုပ်ကိုင်နေသည့် လုပ်သားများ မှာလည်း လုပ်ငန်းရပ်ဆိုင်းမှုများ ရှိနေကြောင်းသိရသည်။ ရန်ကုန်မြို့ရှိ ငါးပိငါးခြောက်ဒိုင်တွင် ၃၁၅ ရုံရှိပြီး လက်ရှိတွင် ရုံ ၅၀ သာ လုပ်ငန်းလည်ပတ်လျက်ရှိကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/44435

## ကုန်သွယ်မှုကန်ဒေါ်လာ ၂၁ ဘီလီယံကျော်အထိရှိလာ

အခုဘဏ္ဍာနှစ် ကုန်သွယ်မှုကန်ဒေါ်လာ ၂၁ ဘီလီယံကျော် အထိရှိလာနေတယ်လို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနထံက သိရပါတယ်။ စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ နောက်ဆုံးထုတ်ပြန်ချက်အရ မေလဒုတိယ အပတ်အထိ ကုန်သွယ်မှုကန်ဒေါ်လာ ၂၁ ဒသမ၁၉ ဘီလီယံကျော်အထိရှိနေပြီး၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံနဲ့ နယ်စပ်ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံကျော်အထိ ရှိခဲ့တာပါ။ ပို့ကုန်အုပ်စုထဲမှာ လယ်ယာထွက်ပစ္စည်းတင်ပို့မှုက ကန်ဒေါ်လာ ၂၁၂၄ သန်း၊ ရေထွက်နဲ့တိရိစ္ဆာန်ထွက်ကုန် ကန်ဒေါ်လာ ၈၀၀ သန်း၊ သတ္တုတွင်းထွက်ပို့ကုန် ကန်ဒေါ်လာ ၉၂၇ သန်း၊ သစ်တောထွက်ကုန် ကန်ဒေါ်လာ ၁၀၈သန်း၊ စက်မှုကုန်ချောတင်ပို့မှုမှ ကန်ဒေါ်လာ ၅၅၀၃ သန်းနဲ့ အခြားအမယ်စုံတင်ပို့မှုက ကန်ဒေါ်လာ ၆၇၆ သန်းကျော်အထိ ရှိနေပါတယ်။

သွင်းကုန်အပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၃၄၇၃ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းက ကန်ဒေါ်လာ ၄၁၄၀ သန်း၊ လူသုံးကုန်ပစ္စည်း ကန်ဒေါ်လာ၂၀၃၀ သန်းနဲ့ CMP ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ၁၄၀၇ သန်းကျော် တင်သွင်းထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကုန်သွယ်ရေးထက် ကန်ဒေါ်လာ ၂၂၁ သန်းကျော် ပိုမိုကုန်သွယ် နိုင်ခဲ့တာဖြစ်ပါတယ်။

**Source:** https://www.facebook.com/SFJWeekly

## အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာပါဝင်လက်မှတ်ထိုးရန်စီစဉ်

အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံကပါဝင်လက်မှတ်ရေးထိုးရန် နိုင်ငံ တော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့သည်။ အထက်ပါစာချုပ်တွင် လက်မှတ်ရေးထိုး ခြင်းအားဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုပိုမိုရရှိနိုင်ခြင်း၊ အလုပ်အကိုင်ပိုမိုဖန်တီးနိုင်ခြင်း၊ နိုင်ငံခြားငွေများတိုးတက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဒုတိယဝန်ကြီးဦးအောင်ထူးက ယမန်နေ့တွင်လွှတ်တော်သို့တင်ပြသည်။

မြန်မာနိုင်ငံရဲ့ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုဈေးကွက်ကို ပိုမိုဖွင့်လှစ်ပေးနိုင်တဲ့အတွက် ဝန်ဆောင်မှု ကဏ္ဍများတွင် အာဆီယံကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာပြီး ပြည်တွင်းအလုပ်အကိုင်နှင့် ဈေးကွက် အခွင့်အလမ်းများ ပွင့်လင်းလာမှာဖြစ်တဲ့အပြင်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှု ကုန်သွယ်ရေးမှာ ရရှိတဲ့နိုင်ငံခြားဝင်ငွေကိုလည်း တိုးမြင့်စေနိုင်မှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ အဆိုပါ ဝန်ဆောင်မှု ကုန်သွယ်ရေး သဘောတူစာချုပ်တွင် အာဆီယံအဖွဲ့ဝင် ခုနစ်နိုင်ငံက လက်မှတ် ရေးထိုးပြီးဖြစ်ပြီး မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ကျန်ရှိသည်။ စာချုပ်၏ ရည်ရွယ်ချက်သည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှု အတွက် စီးပွားရေး ချိတ်ဆက်မှုများ ပိုမိုအားကောင်းလာစေရေး၊ ကုန်သွယ်မှုနှင့်ရင်း နှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

အပေါ် အတားအဆီးများလျှော့ချရေး၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးရေးတို့ ပါဝင်သည်။

ထို့အပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပါဝင်လာခြင်းကို တိုးမြှင့်စေခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဆက်နွယ်မှုကို ပိုမိုခိုင်မာလာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို ကျဉ်းမြောင်းစေရေးစသည်တို့သည် စာချုပ်ရည်ရွယ်ချက်ဖြစ်ကြောင်း ဦးအောင်ထူးက ရှင်းပြသည်။ မြန်မာနိုင်ငံသည် ယင်းစာချုပ်ကို ယခုနှစ် နိုဝင်ဘာတွင် ကျင်းပမည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အခြားအာဆီယံနိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိရန်လိုအပ်နေသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် အမတ်များရှိပါက မေလ ၂၂ ရက်နောက်ဆုံးထားအမည်စာရင်းပေးရန် ပြည်ထောင်စု လွှတ်တော်နာယကက ကြေညာသည်။

**Source:** http://www.7daydaily.com/story/156547

## ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူ ၆၈၀ ဦးအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာချေးငွေ ကျပ်သန်း ၆၃၀၀ ထုတ်ချေးထား



စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာ ချေးငွေများရယူနိုင်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများနှင့်လုပ်ငန်းရှင်များသို့ အသိပေးကြေညာထားသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးချေးငွေများကို တောင်သူလယ်သမားများအပါအဝင် လုပ်ငန်းရှင်များသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေအား နှစ်တိုချေးငွေ သုံးနှစ်၊ နှစ်ရှည်ချေးငွေ ငါးနှစ်သတ်မှတ်ပြီး နှစ်တိုချေးငွေအတွက် ကျပ်သိန်း ၅၀၀ အထိ၊ နှစ်ရှည်ချေးငွေအတွက် ကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးလျက်ရှိသည်။ အတိုးနှုန်းမှာ တစ်နှစ်လျှင် ကိုးရာခိုင်နှုန်းဖြစ်ပြီး ငွေချေးယူသူ၏ ငွေချေးယူမှုရာဇဝင်၊ ပိုင်ဆိုင်မှု၊ လုပ်ငန်းသဘာဝနှင့် လုပ်ငန်းပမာဏ၊ ဝင်ငွေပြန်လည်ရရှိမှု၊ အာမခံတင်သွင်းနိုင်မှုတို့အပေါ်စိစစ်၍ ချေးငွေသက်တမ်း၊ ဆိုင်းငံ့ကာလနှင့် ချေးငွေပမာဏကို သတ်မှတ်ထုတ်ချေးပေးလျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာချေးငွေကို မြို့နယ်ပေါင်း ၉၆ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူ ၆၈၀ သို့ ငွေကျပ် ၆၃၂၆ သန်း ကျော် ထုတ်ချေးထားပြီးဖြစ်သည်။

ချေးငွေအတွက် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) မူရင်း၊ မွေးမြူရေးလုပ်ငန်းသို့မဟုတ် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော လုပ်ငန်းများဖြစ်ပါက လန (၃၉)၊ ပုံစံ (၁၀၅)၊ (၁၀၆) မူရင်းနှင့် ငွေချေးယူလိုသူနှင့် ပူးတွဲအာမခံသူနှစ်ဦး၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အာမခံအဖြစ်တင်သွင်းရမည်ဖြစ်သည်။ ချေးငွေအတွက် အာမခံပစ္စည်း လုံလောက်စွာမပေးနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းနှင့် ဆက်သွယ်၍ ချေးငွေအာမခံစနစ် (Credit Gurantee Insurance) ဖြင့် လျှောက်ထားနိုင်ကြောင်းသိရသည်။ ကျပ်သိန်း ၂၀၀ ထက်ပိုသော ချေးငွေဖြစ်ပါက မီးအာမခံ၊ ဘဏ်ရှေ့နေနှင့် ဘဏ်ရာဖြတ်အစီရင်ခံစာတို့ကို ပူးတွဲတင်ပြရမည်ဖြစ်သည်။

ချေးငွေရယူလိုသူများသည် ၎င်း၏ အမြဲတမ်းနေထိုင်ရာမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ

သို့မဟုတ် နီးစပ်ရာဘဏ်ခွဲတွင် စုံစမ်း၍ ချေးငွေများအား လျှောက်ထားနိုင်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အမှတ် (၂၆/၄၂) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ (ဖုန်း ၀၁ -၃၉၁၂၃၅၊ Fax ၀၁-၃၈၀၇၀၃ တို့တွင်လည်း စုံစမ်းနိုင်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ဆန်စပါးစိုက် ဧက ၁၇ ဒသမ ၉ သန်းခန့်စိုက်ပျိုးပြီး အထွက်နှုန်းအနေဖြင့် တန် ၂၅ ဒသမ ၆ သန်းခန့်ထွက်ရှိကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုးစပါးဧက ၁၅ ဒသမ ၂၉ သန်းကျော်၊ နွေစပါးဧက ၂ ဒသမ ၆၁ သန်းကျော် စိုက်ပျိုးရန်လျာထားခဲ့ပြီး၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ မိုးစပါးဧက ၁၅ ဒသမ ၀၈ သန်းကျော် စိုက်ပျိုးထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/109755

## မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသော နိုင်ငံများစာရင်းတွင် ယခင်က တရုတ်နိုင်ငံမှ ထိပ်ဆုံးဖြစ်သော်လည်း လက်ရှိတွင် စင်ကာပူက ၆၅ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး တရုတ်က ၁၂ ရာခိုင်နှုန်းသာရှိ



မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံအလိုက် ရပ်တည်မှုစာရင်းတွင် ယခင်က တရုတ်နိုင်ငံက ထိပ်ဆုံးမှ ဖြစ်သော်လည်း လက်ရှိတွင် စင်ကာပူက ၆၅ ရာခိုင်နှုန်းကျော် ဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ၁၂ ရာခိုင်နှုန်းသာ ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံထားသည့်စာရင်းတွင် စင်ကာပူနိုင်ငံက ဒေါ်လာ ၁၅၇၁ ဒသမ ၄၃၃ သန်းရှိပြီး စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၆၅ ဒသမ ၁၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။ တရုတ်နိုင်ငံက ဒေါ်လာ၂၉၅ ဒသမ ၆၉၄ သန်းဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၂ ဒသမ ၂၅ ရာခိုင်နှုန်းရှိခဲ့သည်။ ယခင်နှစ်ကာလတူက စင်ကာပူနိုင်ငံက ဒေါ်လာ ၄၇၇ ဒသမ ၇၅၂ သန်းရှိပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၉ ဒသမ ၃၆ ရာခိုင်နှုန်းသာ ရှိသည်။ တရုတ်နိုင်ငံက ဒေါ်လာ ၅၇၅ ဒသမ ၂၁၄ သန်းဖြင့် စုစုပေါင်းရင်း နှီးမြှုပ်နှံမှု၏ ၃၅ ဒသမ ၃၅ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ခဲ့သည်။ သို့သော်လည်း ယခုနှစ်တွင်မူ စင်ကာပူက ၆၅ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးတွင် ရပ်တည်ခဲ့သည်။

ဟောင်ကောင်က ဒေါ်လာ ၂၄၅ ဒသမ ၉၆၇ သန်းဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၀ ရာခိုင်နှုန်းကျော် ကိုလည်းကောင်း၊ ထိုင်းနိုင်ငံက ဒေါ်လာ ၁၁၅ သန်းကျော်ဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၄ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကိုရီးယားနိုင်ငံက ဒေါ်လာ ၇၂ ဒသမ ၄၄၇ သန်းဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ သုံးရာခိုင်နှုန်းကျော် စသည်ဖြင့် အသီးသီးရင်းနှီးမြှုပ်နှံထားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလဆန်းအထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၅၄၇ ဒသမ ၃၅၅ သန်းအထိ ဝင်ရောက်ထားပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ ၇၁၈ သန်းကျော် အထိ ပိုမိုဝင်ရောက်ထားသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် မေ ၃ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၈၂၉ ဒသမ ၂၈၃ သန်းအထိ ဝင်ရောက်ထားသည်။ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် နိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော် လျက်ရှိပြီ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းဟာ ၂၀၁၆-၂၀၁၇ ခုနှစ်ကနေ ၂၀၃၅-၂၀၃၆ ခုနှစ်အထိ နှစ် ၂၀ စီမံကိန်းဖြစ်ပြီး ပွင့်လင်းမြင်သာတဲ့ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ်၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် အဖွဲ့အစည်းပိုင်းဆိုင်ရာတိုးတက်မှု၊ အခြေခံအဆောက်အအုံကောင်းမွန်မှု၊ စီးပွားရေးလုပ်ငန်းများနဲ့ ဆက်စပ်တဲ့ စနစ်များကို ဝိုင်းဝန်းပံ့ပိုးကူညီမှုနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုပိုင်းဆိုင်ရာကွင်းဆက်နဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်ပေါ်လာစေရန်တို့အပြင် ၂၀၃၀ ခုနှစ်မှာ ဝင်ငွေအလယ်အလတ် အဆင့်ရှိတဲ့နိုင်ငံဖြစ်လာဖို့ပါဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

**Source:** https://news-eleven.com/article/109754

## STOCK EXCHANGE (21.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,000 | 11,500 | 11,000 | 1,895 | 20,847,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 1,712 | 5,375,300 | 38,929,150 | 120,680 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,500 | 7,500 | 7,500 | 153 | 1,147,500 | 10,400,986 | 78,007 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,500 | 22,500 | 22,500 | 515 | 11,587,500 | 2,472,053 | 55,621 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.56 | -9.69 | -2.20% | 432.23 | 442.92 | 431.56 | 4,275 | 38,957,800 | 5 | 589,187 |

**Index chart**





## Market Overview

As of 1:00 pm, 21st May. 2019

| MYANPIX | 431.56 ▼ 9.69 |
|---|---|
| Total Volume (shares) | 4,275 |
| Total Value (MMK) | 39 mil |
| Listed Company | 5 |
| Market Cap. (MMK) | 589,187 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 0 |